ကိုယ်နှင့်စပ်ဆိုင်သောသူဆိုသည်မှာအဘယ်နည်း။

လူမျိုးရေးခွဲခြားမှု၊ မတရားမှုများအပေါ် သခင်ယေရှုမည်သို့သွန်သင်ထားသည်နှင့်စပ်လျဉ်းပြီး “ယခုချိန်တွင် ဘုရားကျွန်ုပ်တို့ထံမှ ဘာကိုမျှော်လင့်နေပါသနည်း” ဆိုသည့်အခန်းဆက်အက်ဆေးများ၏ တတိယမြောက်အက်ဆေးဖြစ်သည်။

မူရင်းရေးသားသူ တီမိုသီစီဂျက်ဖရီယွန်၏ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆိုခြင်းဖြစ်သည်။ အင်္ဂလိပ်လိုမူရင်းအက်ဆေးကို spirit-ledleader.com တွင်ဖတ်ရှုနိုင်သည်။



လုယူရိုက်နှက်ခံရသော ခရီးသွား (ကောင်းသောရှမာရိ၊ ချာတြာစ်ကာသီဒရာယ်လ်၊ ပြင်သစ်)

တရံရောအခါကျမ်းတတ်တစ်ယောက်သည်ထ၍ အရှင်ဘုရား၊ ထာဝရအသက်ကိုအမွေခံရအံ့သောငှါအကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်းဟုကိုယ်တော်ကိုစုံစမ်းနှောင့်ယှက်ခြင်းငှါမေးလျှောက်သော်- ကိုယ်တော်ကပညတ္တိကျမ်း၌အဘယ်သို့လာသနည်း။ သင်သည်အဘယ်သို့ဖတ်သနည်းဟုမေးတော်မူလျှင် ထိုသူက သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟုပြန်လျှောက်လေ၏။ ကိုယ်တော်ကလည်း သင်၏စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင်အသက်ကိုရမည်ဟုမိန့်တော်မူ၏။

ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၂၅-၂၈

**သင့်ဘဝအတွက် ဘုရားရည်ရွယ်ထားသောအရာကိုလက်ခံပါ။**

အကြီးမြတ်ဆုံးသောပညတ် ၂ချက်ကိုစိတ်တွင်အလွတ်မှတ်သားလိုက်ခြင်းဖြင့် ကျွန်ုပ်တို့အသက်တာ၏ရည်ရွယ်ချက်မှာ ဘုရားသခင်ကိုသိရန်၊ချစ်ရန်၊အစေခံရန်နှင့် ပတ်ဝန်းကျင်ရှိလူများအပေါ် မိမိကိုယ်ကိုချစ်သကဲ့သို့ချစ်ရန် ဘုရားသခင် အလိုရှိကြောင်း ယေရှုသွန်သင်

ထားခြင်းဖြစ်သည်။ ဘုရားသခင်၏အဓိကသွင်ပြင်လက္ခဏာမှာ ချစ်ခြင်းဖြစ်သည်။ အခြားသူများကိုချစ်ခြင်း ဆိုသည်မှာလည်း ကောင်းမြတ်သောအရာ (ဘုရားနှင့်တူခြင်း) ဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များအနေဖြင့် ဤသို့ပြုမူနေထိုင်ရန်ဖြစ်သည်။

ဤသွန်သင်ချက်မှာ နားလည်ရန်လွယ်ကူသော်လည်း လိုက်လျှောက်ကျင့်သုံးသောအခါ အင်မတန်ခက်ခဲပါသည်။ အဘယ်ကြောင့်နည်း။ လူသားများသည် ဘုရားကိုဗဟိုပြုမည့်အစား မိမိကိုယ်ကိုသာဗဟိုပြုအလေးထားနေကြခြင်းကြောင့်ဖြစ်သည်။ (သမ္မာကျမ်းစာက ဤအရာကို ရုပ်တုကိုးကွယ်ခြင်းဟုခေါ်သည်) ထို့အပြင် လူ့သဘာဝအရ တစ်ကိုယ်ကောင်းဆန်တတ်ပြီး လိုချင်တက်မက်သောဆန္ဒအာသီသများဖြင့်ပြည့်နှက်နေသောကြောင့် မေတ္တာထားရန် ခက်ခဲနေတတ်သည်။ ကိုယ့်ကိုချစ်သောသူများကိုသာ ပြန်ချစ်တတ်ကြပြီး ထိုအချစ်သည်လည်း အခြေအနေပေါ်တွင်မူတည်နေတတ်သည်။ (မင်းငါ့အပေါ်. . . မှ ငါမင်းကိုချစ်မယ်။ မင်းမဆိုးသရွေ့. . . ငါမင်းကို ချစ်နေမှာဘဲ။) သစ္စာဖောက်ခံရသောအခါ၊ အဆင်မပြေတော့သောအခါ၊ ပေးဆပ်ရတာများလာသည့်အခါတွင် ထိုအချစ်တို့လွင့်ပြယ် ပျောက်ဆုံးကုန်တော့သည်။

ထို့ကြောင့် ထိုခေတ်ရှိ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ယေရှုပြောသောချစ်ခြင်းမေတ္တာအကြောင်းကို အသိဉာဏ်အားဖြင့် လက်သင့်ခံနေခြင်းဖြစ်သည်။ သို့သော်ထိုချစ်ခြင်းမေတ္တာကို လက်တွေ့ဘဝတွင်မလုပ်ချင်သည့်အခါတွင်တော့ ထိုဘာသာရေးခေါင်းဆောင်များကိုယ်တိုင် ဆင်ခြင်ဆင်လက်များပေးပြီးဥပက္ခာပြုလိုက်ကြတော့သည်။



ယေရှုကို ဖာရိရှဲမှမေးခွန်းမေးခြင်း (ကောင်းသောရှမာရိ၊ ချာတြာစ်ကာသီဒရာယ်လ်၊ ပြင်သစ်)

ထိုသူကလည်း အဘယ်သူသည်အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်းဟု မိမိအပြစ်မရှိဟန်ပြုလိုသောစိတ်နှင့် ယေရှုကို လျှောက်ပြန်သော်- ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၂၉

ထိုကျမ်းတတ်ပုဂ္ဂိုလ်သည် မိမိအပြစ်လွှတ်ရာလွတ်ကြောင်း ကယ်ပေါက်ရှာတွေ့လေပြီ။ သို့သော်ယေရှုက ထိုသူ၏ကယ်ပေါက်ကို ပိတ်မထားပေ။ ယေရှုတုံ့ပြန်လိုက်သည်မှာ လူသိများသော “ကောင်းသောရှမာရိပုံဥပမာ” အကြောင်းပင်ဖြစ်သည်။

အဘယ်ကြောင့် ထိုရှမာရိလူကို ကောင်းသည်ဟုဆိုနိုင်သနည်း။

အတုယူစရာဖြစ်သော ရှမာရိလူအကြောင်း ယေရှုပြောပြလိုက်ခြင်းဖြင့် လူမှုဝန်းကျင်၌ရှိထားသော သူတစ်ပါးကိုချစ်ရန်ဟူသောစံနှုန်းတစ်ရပ်ကိုယေရှုကမြှင့်တင်လိုခြင်းဖြစ်သလို၊ ထိုခေတ်ကဂျူးလူမျိုးများကို အပြစ်တင်လိုက်ခြင်း၊ စိန်ခေါ်မှုတစ်ရပ်ပေးလိုက်ခြင်းလည်းဖြစ်သည်။ ထိုခေတ်က ဂျူးဘာသာရေးခေါင်းဆောင်များသည် တိုင်းတစ်ပါးသွေးနှောသော ရှမာရိလူမျိုးများကိုအထင်အမြင်သေးကြသည်။ ရှမာရိလူမျိုးတို့၏ ဘာသာရေးမှာလည်း ယုဒဘာသာနှင့် တိုင်းတစ်ပါးဘာသာ (ဗာဟီရဝါဒ) ရောပြွန်းနေခြင်းကြောင့်လည်းဖြစ်သည်။ ၇၂၂ဘီစီတွင် အစ္စရေးလ်တို့၏ မြောက်ပိုင်းနိုင်ငံတော်ကို အာရှုရိတို့တိုက်ခိုက်သိမ်းပိုက်ပြီး လူအများစုကိုဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။ နောက်ပိုင်းသူတို့နိုင်ငံသို့ပြန်လာနိုင်ချိန်တွင် အစ္စရေးလ်အများစုမှာ အာရှုရိလူတို့နှင့်အိမ်ထောင်ရက်သားကျနေပြီး ထိုပေါင်းစပ်မှုမှဆင်းသက်လာသော လူများကို ရှမာရိ ဟူ၍ခေါ်ဆိုသတ်မှတ်လိုက်ခြင်းဖြစ်သည်။ ထိုရှမာရိလူများကို ဂျူးသွေးစစ်စစ်ဖြစ်သော တောင်ပိုင်းနိုင်ငံတော် (ယုဒ)တို့က လက်မခံကြဘဲ အထင်အမြင်သေးလျှက်ရှိနေကြသည်။

ထိုသို့အနှိမ်ခံ ရှမာရိလူကို သူရဲကောင်းအဖြစ်စံထားပြောဆိုလိုက်ခြင်းဖြင့် ယေရှုသည် အချက် ၃ချက်ကိုသွန်သင်လိုက်ခြင်းဖြစ်သည်။ ထိုသွန်သင်ချက်သည် ယနေ့ခေတ်အထိသင့်လျော်မှုရှိနေပြီး လူမျိုးရေးခွဲခြားမှုလျော့ပါးရေးနှင့် တရားမျှတသောလူ့ဘောင်အဖွဲ့အစည်းဆီသို့ရှေးရှုလျက်ရှိသည်။

မည်သို့သောလူစားမျိုးကို ဘုရားစိတ်တော်နှင့်တွေ့ပါသနည်း။

| | |
|---|---|
| အသားဖြူသူ၊ တော်ဝင်သွေးရှိသူ၊ သွေးမနှောသူ ဟူ၍မဟုတ်၊ | လိုအပ်နေသူများ ကိုပေးကမ်းသူ၊ အကျိုးမမျှော်ကိုးပဲ ပေးလှူသူ၊ ကြင်နာမှုနှင့်မထိုက်တန်သူများကို ဂရုဏာပြသူ ဟူ၍ဖြစ်သည်။ |

ကိုယ်နှင့်စပ်ဆိုင်သောသူမှာအဘယ်နည်း။

| | |
|---|---|
| မိမိနှင့်အသားအရောင်တူ၊ မျိုးနွယ်တူ၊ နိုင်ငံသားချင်းတူသည် ဟူ၍မဟုတ်၊ | မိမိပတ်ဝန်းကျင်ရှိ ခေါင်းပုံဖြတ်ခံရသူ၊ အနိုင်ကျင့်ခံရသူ၊ မတရားမှု၏သားကောင်ဖြစ်ရသူ၊ အကူအညီလက်တစ်စုံလိုအပ်နေသူများ ဟူ၍ဖြစ်သည်။ |

မည်ရွေ့မည်မျှကူညီပေးရမည်နည်း။

| | |
|---|---|
| ကျွန်ုပ်တို့ အဆင်ပြေနေသည်အထိ၊ ကူညီပေးနိုင်သည်အထိ ဟူ၍မဟုတ်၊ | လူ့ပတ်ဝန်းကျင်၌ လိုအပ်နေမှုများ၊ ခံစားနေရမှုများကိုဆီလျော်စွာကူညီပေးရမည် ဟူ၍ဖြစ်သည်။ |

ချစ်ခြင်းမေတ္တာဆိုသည်မှာ နွေးထွေးယုံမျှ၊ ခံစားယုံမျှ၊ သို့မဟုတ် အရုပ်ကလေးဖြင့်ပြသနေယုံမျှဖြင့် မလုံလောက်ပေ။ ဂရုဏာပြသခြင်းကြောင့် အဖိုးအခပေးရသည်များလည်းရှိနိုင်သည်။ ဓားပြရိုက်နှက်ခံရသောလူနာကို ရှောင်ကွင်းသွားသော ဘာသာရေးဆရာနှစ်ယောက်မှာ ချစ်မေတ္တာအကြောင်း၊ ဘုရား၏ဂရုဏာအကြောင်းကို တွင်တွင်ဟောပြောနေသူများဖြစ်နေနိုင်သည်။ သို့သော်လက်တွေ့ဘဝတွင်တော့ ဒုက္ခရောက်သူကိုမကူညီဘဲ တစ်ဖက်လမ်းမှရှောင်ကွင်းထွက်သွားကြလေသည်။ သို့သော်အနှိမ်ခံ၊အပယ်ခံဖြစ်သော ရှမာရိလူရောက်လာသောအခါ ထိုလူနာကိုကူညီပေးပြီး ကုသစရိတ်၊ နေရာထိုင်ခင်းနှင့် စားသောက်စရိတ်ကိုပင် မိမိအိတ်ထဲမှစိုက်ထုတ်ပေးလေသည်။ သူလုပ်ဆောင်ရမည့်တာဝန်ကို ခဏဖယ်ထားပြီး ထိုလူနာကိုအချိန်ပေးသည်။ ထိုတင်မကသေး မိမိအလုပ်ကိစ္စပြီးသောအခါ ထိုလူနာရှိရာသို့ တဖန်ဝင်ကြည့်၍ လိုအပ်သည့်အကူအညီကိုထပ်ပေးခဲ့သည်။



ဓားပြရိုက်နှက်ခံရသူကို ပြုစုပေးနေသော ရှမာရိလူ (ကောင်းသောရှမာရိ၊ ချာတြာစ်ကာသီဒရာယ်လ်၊ ပြင်သစ်)

## လူမျိုးရေးခွဲခြားမှု အခြေအနေ ၂မျိုး (အပြင်း နှင့် အပျော့)

ကျွန်ုပ်၏အက်ပဲလ်ကွန်ပျူတာ အဘိဓာန်၌ လူမျိုးရေးခွဲခြားမှုကို - လူတစ်ဦးတစ်ယောက်၊ လူတစ်စု (အထူးသဖြင့် လူနည်းစု၊ အသားအရောင်မတူသူ၊ ဖယ်ကျဉ်ခံရသူ၊ အနှိမ်ခံများ) အပေါ်မလိုမုန်းထားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ရန်ငြိုးထားခြင်း။ လူမျိုးကြီးဝါဒ ဟူ၍ ဖော်ပြထားသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကျွန်ုပ်၏ “အပြင်းစား” လူမျိုးရေးခွဲခြားမှုခေါင်းစဉ်အောက်တွင်ရှိနေသည်။ အသားအရောင်မတူသူ၊ လူမျိုးမတူသူတစ်ယောက်အပေါ် ခွဲခြားဆက်ဆံခြင်း၊ အနိုင်ကျင့်ဖိနှိပ်ခြင်းဖြစ်သည်။ ကျွန်ုပ်၏ဆိုလိုရင်းကို စာဖတ်သူတို့နားလည်မည်ထင်ပါသည်။ ကျွန်ုပ်၏အတွေ့အကြုံအရ ယနေ့ခေတ်လူဖြူအများစုသည် ထိုသို့မပြုကျင့်ကြပေ။

သို့သော် “အပျော့စား” လူမျိုးရေးခွဲခြားခြင်းရှိသေးသည်။ ထိုအရာသည် သိမ်မွေ့နက်နဲသောကြောင့် မြင်ရန်ခက်သည်။ တစ်ခါတစ်ရံ မိမိမှာရှိနေသည်ကိုပင် သတိမထားတတ်ပေ။ အပျော့စား လူမျိုးရေးခွဲခြားခြင်းမှာ- မိမိနှင့်မတူသော အခြားမျိုးနွယ်၊ လူစုများအပေါ်တွင်ဂရုမစိုက်ခြင်း၊ အဖက်မလုပ်ခြင်းဖြစ်သည်။ ဥပမာအနေဖြင့်- လူမည်းများ တရားမျှတမှုအတွက်တောင်းဆိုနေသည့်အပေါ် ဂရုမစိုက်ခြင်း၊ လူဖြူများက အခြားလူနည်းစုများအပေါ်ခွဲခြားဆက်ဆံမှုများမရှိပါဘူးဟူ၍ပြောဆိုနေခြင်းကလည်း လူမျိုးရေးခွဲခြားမှုကို အားပေးအားမြှောက်ပြုနေခြင်းပင်ဖြစ်သည်။

**ဝိညာဉ်ရေးဆိုင်ရာကျင့်သုံးခြင်း**

အရှိတိုင်းဝန်ခံကြပါစို့။ ယေရှုခေတ်က ပညာတတ်၊ ရိုးသားသောဘာသာရေးသမားများကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း မိမိဘဝကိုသာ အရေးထားလျက် စာဖတ်၊ တီဗွီကြည့်ရင်းအေးအေးလူလူပင်နေထိုင်လိုကြသည်။ အပယ်ခံလူနည်းစုများအပေါ် ကြင်နာသောစိတ်သဘောထားများကို ပြသမည့်အစား မိမိတို့၏ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်သောအမူအကျင့်များကိုသာ ရွှန်းရွှန်းဝေအောင်ပြောဆိုနေတတ်ကြပေသည်။ မိမိတို့၏လုပ်ဆောင်မှုများ၊ တိုးတက်အောင်မြင်မှုများကိုသာ ဂုဏ်ပြုနေတတ်ကြသည်။ အမှန်တကယ်တွင် သခင်ယေရှုသွန်သင်သည့်အတိုင်း ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှ အမှန်ပင်ချစ်ပါရဲ့လား ဟူ၍ မိမိကိုယ်ကို ပြန်မေးရမည်ဖြစ်သည်။

လိုအပ်နေသူကိုဂရုမပြုသော ဖာရိရှဲကို သခင်ယေရှုပြန်ပြောလိုက်သည့်အဖြေမှာ ရှင်းနေသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူဆိုသည်မှာ သင်ဘေးတွင်ရှိနေသော သင်မကူညီချင်သည့်သူ၊ သင်၏အကူအညီရရန်မထိုက်တန်သောသူများပင်ဖြစ်သည်။ ထိုသို့သောသူများကို မေတ္တာထားကူညီသောအခါ သင်၏အချိန်၊ ငွေကြေးနှင့် ခွန်အားတို့ ထင်ထားသည်ထက် ပို၍ကုန်ပြီးသက်သာဖြောင့်ဖြူးနေမည်တော့ မဟုတ်ပေ။

ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ထားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင်သောသဖြစ်သနည်းဟုပြန်၍မေးတော်မူလျှင်- ကျမ်းတတ်ကလည်း လူနာကိုသနားသောသူသည် စပ်ဆိုင်သောသူဖြစ်ပါ၏ဟုလျှောက်သော် ယေရှုက သင်သည်သွား၍ထိုနည်းတူပြုလော့ဟုမိန့်တော်မူ၏။ ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၃၆-၃၇

**သင်နှင့်စပ်ဆိုင်သောသူမှာ မည်သူနည်း။**



ကောင်းသောရှမာရိပုံဥပမာအပြည့်အစုံမှာ-

ထိုကျမ်းတတ်ကလည်း အဘယ်သူသည် အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်းဟု မိမိအပြစ်မရှိဟန်ပြုလိုသောစိတ်နှင့် ယေရှုကို လျှောက်ပြန်သော်၊ ယေရှုက လူတစ်ယောက်သည် ယေရုရှလင်မြို့မှ ယေရိခေါမြို့သို့သွားရာတွင် ဓားပြနှင့်တွေ့ကြုံလေ၏။ ဓားပြတို့သည် ထိုသူ၏အဝတ်ကိုချွတ်၍နာကျင်စွာရိုက်နှက်ပြီးမှသေလုမတတ်ရှိသောအခါပစ်ထား၍သွားကြ၏။ ထိုလမ်းသို့ယဇ်ပုရောဟိတ်တစ်ယောက်သည်အမှတ်တမဲ့သွား၍ထိုလူနာကိုမြင်လျှင် လွဲရှောင်၍သွားလေ၏။ ထိုနည်းတူလေဝိလူတစ်ယောက်သည်ထိုအရပ်သို့ရောက်သောအခါ လာ၍ကြည့်မြင်လျှင်လွှဲရှောင်၍သွားလေ၏။ ရှမာရိလူတစ်ယောက်သည် ခရီးသွားရာတွင် ထိုလူနာရှိရာသို့ရောက်၍မြင်သောအခါ ဂရုဏာစိတ်ရှိသည်နှင့် ချဉ်းကပ်၍ သူ၏အနာများကိုဆီနှင့်စပျစ်ရည်ထည့်လျက်အဝတ်နှင့်စည်းပြီးလျှင် မိမိတိရစ္ဆာန်ပေါ်မှာတင်၍စရပ်တစ်ခုသို့ဆောင်သွားပြုစုလေ၏။ နက်ဖြန်နေ့၌ထွက်သွားသောအခါ ဒေနာရိနှစ်ပြားကိုထုတ်၍ စရပ်ရှင်အားပေးလျက်၊ ဤသူကိုကြည့်ရှုပြုစုပါ။ ကုန်သမျှကိုငါပြန်လာသောဆပ်ပေးမည်ဟုဆို၏။ သင်သည်အဘယ်သို့ထင်သနည်း။ ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ထားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင်သောသူဖြစ်သနည်းဟု ပြန်၍မေးတော်မူလျှင်၊ ကျမ်းတတ်ကလည်း လူနာကိုသနားသောသူသည်စပ်ဆိုင်သောသူဖြစ်ပါ၏ဟုလျှောက်သော် ယေရှုက သင်သည်သွား၍ထိုနည်းတူပြုလော့ဟုမိန့်တော်မူ၏။

ရှင်လုကာခရစ်ဝင် ၁၀း၂၉-၃၇